AUSCO

# ဩစတြေးလျားနိုင်ငံ ယဉ်ကျေးမှုနှင့် အကျွမ်းဝင် ကျင့်သားရစေခြင်းဆိုင်ရာ အစီအစဉ် သင်တန်း

# ကျောင်းပညာရေး

ဩစတြေးလျား၏ မူလတန်း နှင့် အလယ်တန်းကျောင်း ပညာရေးစနစ်ကို ပို့ချပေးရာနေရာ – အစိုးရကျောင်းများ နှင့် ပုဂ္ဂလိကကျောင်းများ၊ နှစ်မျိုးနှစ်စား ခွဲခြားထားပါသည်။

## အစိုးရကျောင်းများ

ကလေးအများစုသည် အစိုးရ သို့မဟုတ် ပြည်နယ်ကျောင်းကို တက်နိုင်ဖွယ်ရှိလိမ့်မည်ဖြစ်ပြီး၊ ၎င်းတွင် အခမဲ့ စာသင်ပေးမည်ဖြစ်သော်လည်း စာအုပ်များ၊ ကျောင်းဝတ်စုံများ နှင့် အခြား စီမံအုပ်ချုပ်ရကြေးများကဲ့သို့ အပိုဆောင်း ကုန်ကျစရိတ်များရှိပါလိမ့်မည်။ အကယ်၍ ဤကုန်ကျစရိတ်များအား သင်မပေးနိုင်လျှင် ကျောင်းအုပ်ချုပ်ရေးအဖွဲ့နှင့် ဆွေးနွေးပါ။

## ပုဂ္ဂလိကကျောင်းများ

ပုဂ္ဂလိကကျောင်းများကို ဘာသာရေး အဖွဲ့အစည်းများ (ဥပမာ၊ ကက်သိုလစ်၊ အင်ဂလီကန်၊ လူသရယ်န် သို့မဟုတ် ပရိုတက်စ်တင့် ခရစ်ယာန်ဂိုဏ်းဝင် ဘုရားကျောင်းများ) သို့မဟုတ် အခြားတစ်သီးပုဂ္ဂလ အဖွဲ့အစည်းများက အများအားဖြင့် စီမံခန့်ခွဲပါသည်။ ဂျူး နှင့် အစ္စလာမ် ဘာသာဝင် ကျောင်းများ အနည်းငယ်လည်းရှိပါသည်။ ပုဂ္ဂလိကကျောင်း အများစု၌ ကျောင်းစရိတ်အလွန်ကြီးပါသည်။

## ကျောင်း၌ အမည်ပေးစာရင်းသွင်းခြင်း

သင့် အမှုတွဲလုပ်သား သို့မဟုတ် သင့်အား အဆိုပြုသူက သင့်ကလေးများအား ကျောင်းအပ်ရာ၌ ကူညီပေးပါလိမ့်မည်။ သင့်အနေနှင့် သင်၏ **ခရီးသွားလက်မှတ်များ**၊ သင့် **ကလေး၏ ကာကွယ်ဆေးထိုးမှတ်တမ်းများ**၊ ယခင်က တက်ခဲ့သည့် ကျောင်းမှ **အစီရင်ခံစာများ** နှင့် **အောင်လက်မှတ်များ**ကို တင်ပြရန် လိုအပ်ပါလိမ့်မည်။

ဩစတြေးလျား၌ရှိသော ၅ နှစ် မှ 17 နှစ် အသက်အရွယ်အကြားရှိ ကလေးများသည် ဥပဒေအရ ကျောင်းတက်ကြရန် လိုအပ်ပါသည်။ ကလေးများသည် မူလတန်းကျောင်း ပြီးပြတ်ရန် ၆ နှစ် သို့မဟုတ် ၇ နှစ် တက်ရပြီး အလယ်တန်းကျောင်းကို အနည်းဆုံး ၄ နှစ် တက်ရပါသည်။ ကလေးအများစုသည် မူလတန်းကျောင်းကို မတက်မီ မူကြိုကျောင်းကိုလည်း  (အချိန်ပိုင်းအတွက်) တစ်နှစ်တက်ရပါသည်။

ကလေးများအား အတန်းများတွင် သူတို့၏ အသက်အရွယ်အလိုက် ထားပေးပါသည်။ သို့သော် ပြည်နယ်များ နှင့် ဒေသများအကြား ကွာခြားမှုများ အနည်းငယ်ရှိပါသည်။

## ကျောင်းတက်ခြင်း

ကျောင်းအများစု၌ စာသင်ကာလ အပိုင်းအခြား ၄ ခုရှိပြီး၊ စာသင်နှစ်သည် ဇန်နဝါရီလကုန်လောက် စတင်၍ ဒီဇင်ဘာလတွင် ကုန်ဆုံးပါသည်။ စာသင်ကာလ အပိုင်းအခြားများ တစ်ခုနှင့်တစ်ခုအကြားအတွင်း ကျောင်းအားလပ်ရက်များရှိပြီး အစိုးရရုံးပိတ်ရက်များတွင် ကျောင်းပိတ်ပါသည်။ ကလေးအများစုသည် တစ်နေ့လျှင် ၆ နာရီခန့် တနင်္လာနေ့မှ သောကြာနေ့အထိ ကျောင်းတက်ကြပါသည်။ ကျောင်းတက်ရန် အလွန်အရေးကြီးပြီး၊ မတက်မနေရဖြစ်ပါသည်။ ကျောင်းသူကျောင်းသားများ ကျောင်းတက်ရန် ပျက်ကွက်ကြသည့်အခါ၌၊ ပျက်ကွက်ရခြင်းအကြောင်းကို မိဘများက စာရေးရှင်းပြရန် မျှော်လင့်ချက်ထားရှိပါသည်။






ဩစတြေးလျားကျောင်းများ၌ လူမျိုး၊ ဘာသာ နှင့် လူမှုစီးပွားရေးတို့ဖြင့်ဆိုင်ရာ နောက်ခံမျိုးစုံရှိကြသော ကလေးများသည် အတန်းအတွင်း နှင့် အတန်းပြင်ပ လှုပ်ရှားမှုများ လုပ်ကိုင်ဆောင်ရွက်ကြစဉ်အတောအတွင်း အတူတူ ပညာဆည်းပူးကြ၍ အပြန်အလှန် တုံ့လှယ်ကြပါသည်။ ကျောင်းအများစုသည် ကျား-မ အတူသင်ဖြစ်ပါသည်၊ ဆိုလိုသည်မှာ ယောကျ်ားလေးများ နှင့် မိန်းကလေးများအား အတန်းတစ်တန်းတည်း၌ အတူတူ စာသင်ပေးပါသည်။

အင်္ဂလိပ်စာ သင်ယူရန် အပိုဆောင်း အထောက်အပံ့လိုအပ်သော ကလေးများသည် အများအားဖြင့် သူတို့၏ ကျောင်းအတွင်းထားရှိသော "အင်္ဂလိပ် ဘာသာစကားကို တွဲဘက်ဘာသာစကားဖြစ်သင်ကြားခြင်း" (English as an Additional Language – EAL) သင်တန်းများကိုလည်း တက်ကြပါသည်။ ဉာဏပိုင်း နှင့် ကာယပိုင်းဆိုင်ရာ မသန်စွမ်းမှုများရှိကြသော ကလေးများကဲ့သို့ အထူးတလည် လိုအပ်မှုများရှိကြသော ကလေးများ၌လည်း ကျန်ကလေးများအားလုံးကဲ့သို့ပင် ပညာသင်ကြားခွင့် ထပ်တူထပ်မျှ ရှိကြပါသည်။ ၎င်းတွင် နားထိုင်း၊ မျက်မမြင် သို့မဟုတ် ပညာသင်ယူရာ၌ သို့မဟုတ် အပြုအမူပိုင်း၌ ပြင်းထန်ဆိုးရွားသည့် ဒုက္ခအခက်အခဲများရှိကြသော ကလေးများလည်း ပါဝင်ကြပါသည်။ ဤကလေးများအတွက် အတန်းများကို များသောအားဖြင့် ပုံမှန်ကျောင်းများအတွင်း၌ စီစဉ်ပေးလေ့ရှိပါသည်။ အချို့ကျောင်းများသည် အထူးတလည် လိုအပ်မှုများရှိကြသော ကလေးများအား စာသင်ပေးရေးတွင် အထူးပြုကြပါသည်။

ဆရာ၊ ဆရာမများသည် ကလေးများအနေနှင့် စဉ်းစားခြင်း နှင့် ပိုင်းခြားစိတ်ဖြာခြင်းအားဖြင့် လေ့လာသင်ယူကြရန် အားပေးအားမြှောက်ပြုပါသည်။ ၎င်းနည်းတွင် အရာများကို မှတ်မိခြင်းထက် ပိုလေးနက်မှုရှိပါသည်။ ကျောင်းသူကျောင်းသားများသည် အင်္ဂလိပ်စကား သိတ်မပြောတတ်လင့်ကစား၊ မေးခွန်းများမေးခြင်း၊ ဆွေးနွေးမှုများ နှင့် လှုပ်ရှားဆောင်ရွက်မှုများတွင် ပါဝင်ခြင်းအားဖြင့် လေ့လာသင်ယူကြပါသည်။

ကလေးများအနေနှင့် စာပေ သင်ကြားရေး၊ အားကစား အစီအစဉ်များ နှင့် ဂီတဆိုင်ရာ လုပ်ဆောင်မှုများ အပါအဝင် ကျောင်း၏ သင်တန်းပေါင်းမျိုးစုံတွင် ပါဝင်ဆင်နွဲကြရန် ၎င်းတို့ကို အားပေးအားမြှောက်ပြုပါသည်။ အတန်းတွင်း၌ လေ့လာသင်ကြားခဲ့သော အကြောင်းအရာများကို အကယ်စင်စစ် ပံ့ပိုးပေးသည့် လေ့လာရေးခရီးများထွက်ခြင်း နှင့် စခန်းချခရီးများထွက်ခြင်းတို့ကိုလည်း ကျောင်းများက စီစဉ်ပေးပါသည်။ ကျောင်းများအားလုံး၌ ဩစတြေးလျား သင်ရိုးညွှန်းတမ်း အတိုင်း သင်ကြားပေးပါသည်။ ဩစတြေးလျား သင်ရိုးညွှန်းတမ်း ဝက်ဘ်ဆိုက်၌ ကြည့်ခြင်းအားဖြင့် ကျောင်းတွင် သင့်ကလေး လေ့လာသင်ကြားရလိမ့်မည့် အရာများကို သင်တွေ့နိုင်ပါသည်။

နောက်ထပ် သိကောင်းစရာ အချက်အလက်များအတွက် www.australiancurriculum.edu.au ၌ ကြည့်ပါ။

မိဘများအနေနှင့် ဥပမာအားဖြင့်၊ မိမိတို့ကလေး၏ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံပွဲများသို့ တက်ရောက်ခြင်း၊ မိမိတို့၏ကလေး အိမ်စာများကို ပြီးအောင်လုပ်သည်ကို သေချာစေခြင်း၊ မိမိတို့မှ ကျောင်း၌ ကျင်းပပွဲများသို့ တက်ရောက်ခြင်း - ယင်းတို့ကိုလုပ်ခြင်းအားဖြင့် မိမိတို့ ကလေးများ၏ ပညာရေးတွင် ပါဝင်ပတ်သက်ကြရန် မိဘများကို အားပေးအားမြှောက်ပြုအပ်ပါသည်။  သင့်ကလေး၏ ပညာရေး နှင့် သူ၏ ကျောင်း၌ အထွေထွေအတွေ့အကြုံတို့၏အကြောင်းများနှင့် စပ်လျဉ်း၍ ဆရာ၊ ဆရာမ သို့မဟုတ် ကျောင်းအုပ်နှင့် ဆွေးနွေးပြောဆိုခြင်းကို အလွန်ပင် လက်ခံအားပေးပါသည်။ နောက်ထပ် သိကောင်းစရာ အချက်အလက်များအတွက် www.education.gov.au ၌ ကြည့်ပါ။

## ကလေးထိန်းခြင်း နှင့် ရှေးဦးကာလ ပညာသင်ကြားမှု

ကလေးထိန်းပေးမှု နှင့် စဦးကာလတွင် ပညာသင်ကြားပေးမှုသည် ကလေးများအတွက် လုံခြုံသော ပတ်ဝန်းကျင်တစ်ခု၌ ဖွံ့ဖြိုးတိုးတက်စေသည့် အုတ်မြစ်ကို တည်ဆောက်ပေးသလို တစ်ဖက်မှလည်း အခြားကလေးများနှင့် ရောနှောဆက်ဆံနိုင်ရန် အခွင့်အရေးတစ်ခုကိုလည်း ရရှိစေပါသည်။ ကလေးထိန်းပေးမှု နှင့် စဦးကာလတွင် ပညာသင်ကြားပေးမှုသည် ကလေးတစ်ဦး၏ စဦးပိုင်းနှစ်များတွင် ဖွံ့ဖြိုးတိုးတက်မှုအား အကျိုးပြုသည့်အပြင် အလုပ်လုပ်နေကြသော မိသားစုများ အလုပ်ပြန်ဝင်နိုင်ရန်အတွက်လည်း အထောက်အကူပြုပေးပါသည်။ ကလေးထိန်း ဝန်ဆောင်မှု အဖွဲ့အစည်းများ၊ ကလေးထိန်း ဝန်ဆောင်မှုဆိုင်ရာ စည်းမျဉ်းများ၊ ငွေကြေးအထောက်အပံ့၊ အထူးလိုအပ်ချက်များရှိသည့် ကလေးများအတွက် ဝန်ဆောင်မှုများ၊ ယဉ်ကျေးမှုနောက်ခံပေါင်းစုံရှိသည့် ကလေးများအတွက် ဝန်ဆောင်မှုများ - ၎င်းတို့ဖြင့်ပတ်သက်ပြီး အစိုးရမှ ထုတ်ပြန်ထားသော သိကောင်းစရာအချက်အလက်များအတွက်။ www.mychild.gov.au ၌ ကြည့်ပါ။

ကလေးထိန်းပေးမှု နှင့် စဦးကာလ ပညာသင်ကြားပေးမှုသည် ကြည့်ရှုစောင့်ရှောက်ပေးခြင်းအပြင်၊ သင့်ကလေးအတွက် လူမှုရေးပိုင်း၊ စိတ်ခံစားမှုပိုင်း နှင့် ပညာသင်ကြားရေးပိုင်း ကျွမ်းကျင်မှုများအား ဖွံ့ဖြိုးတိုးတက်စေရန် အခွင့်အရေးရရှိစေပါသည်။ အစိုးရမှ ထုတ်ပြန်ထားသော ကလေးထိန်းပေးမှု နှင့် စဦးကာလ ပညာသင်ကြားပေးမှုနှင့် ပတ်သက်ပြီး စိတ်ကြိုက်ရွေးချယ်နိုင်ရာ အချက်အလက်များကို MyChild ဝက်ဘ်ဆိုက်၌ ရရှိနိုင်ပါသည်။ နောက်ထပ် သိကောင်းစရာ အချက်အလက်များအတွက် www.mychild.gov.au/childcare-information/options ၌ ကြည့်ပါ။







Australian Government
Department of Social Services

ဩစတြေးလျားနိုင်ငံ လူမှုဝန်ဆောင်ရေးဌာန ၏
ကိုယ်စား အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်ရေးရာ အဖွဲ့အစည်း
မှ ပို့ချပေးသည်။

IOM • OIM